# HONOR ၏ မြန်မာနိုင်ငံ ပထမဆုံး Flagship Store ဖွင့်လှစ်

*HONOR ၏ အရှေ့တောင်အာရှ လုပ်ငန်း တိုးချဲ့ဆောင်ရွက်မှု လမ်းစဉ်တွင် အဓိက မှတ်ကျောက်တင်နိုင်ခဲ့*

**ရန်ကုန်၊ မြန်မာ၊ ဇန်နဝါရီလ ၂၈၊ ၂၀၁၈** - လူငယ်ဆန်၊ ဆန်းသစ်တီထွင်မှုပြည့်ဝပြီး ခေတ်မီသည့် ကုန်အမှတ်တံဆိပ်ဖြစ်သော Honor မှ ၄င်း၏ ပထမဆုံးသော flagship store ကို မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့သည်။ ကုမ္ပဏီအတွက် ၂၀၁၈ ခုနှစ်တွင် နိုင်ငံရပ်ခြား၌ ပထမဆုံး ဖွင့်လှစ်သော ဆိုင်ဖြစ်သည့်အလျောက် Honor ၏ အရှေ့တောင်အာရှဒေသတွင်း ဈေးကွက်ချဲ့ထွင်မှုတွင် ခြေလှမ်းသစ်တစ်ခု လှမ်းနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

"မြန်မာနိုင်ငံက စားသုံးသူတွေကို ကျေးဇူးတုန့်ပြန်တဲ့အနေနဲ့ ဒီ flagship store ကို ဖွင့်လှစ်လိုက်တာပဲ ဖြစ်ပါတယ်။ ဒီဒေသတွင်းမှာ Honor အနေနဲ့ အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်ရမယ့်အတွက် ဝမ်းသာမိပါတယ်။ Honor ရဲ့ ထူးခြားတဲ့ ကုန်အမှတ်တံဆိပ်ကို မြန်မာစားသုံးသူတွေ ဘယ်လိုမြင်လဲဆိုတာကိုလည်း စောင့်ကြည့်ရတာလည်း စိတ်လှုပ်ရှားစရာတစ်ခုဖြစ်ပါတယ်။" ဟု Honor ၏ ဥက္ကဋ္ဌ Geroge Zhao မှ ပြောကြားခဲ့သည်။ "ယနေ့ဆိုင်ဖွင့်ပွဲက Honor ရဲ့ အရှေ့တောင်အာရှ လုပ်ငန်းတိုးချဲ့ ဆောင်ရွက်မှု လမ်းစဉ်အတွက် အဓိကမှတ်ကျောက်တစ်ခု ဆိုက်ထူနိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ နောက် ၃ နှစ်မှာ Honor က ထိပ်တန်း smartphone နံပါတ် ၅ နေရာထိ၊ နောက် ၅ နှစ်အတွင်းမှာ ထိပ်ဆုံး ၃ နေရာထိ ရောက်ရှိလာမယ်လို့ ယုံကြည်ထားပါတယ်။"

ဒစ်ဂျစ်တယ်အသုံးပြုသူများအတွက် ကမ္ဘာ့ထိပ်တန်း e-brand တစ်ခုဖြစ်သည့်အလျောက် Honor သည် ပြိုင်ဆိုင်မှုကင်းမဲ့သော ထုတ်ကုန်များကို နှိုင်းယှဉ်၍ မရသော ဈေးနှုန်းချိုသာမှုများဖြင့် အသုံးပြုသူအားလုံးအတွက် ယူဆောင်လာမည် ဖြစ်သည်။ Honor မှ ထုတ်လုပ်ခဲ့သော ကုန်ပစ္စည်းများသည် ခေတ်အမီဆုံးနှင့် ထူးခြားသော feature များကို လူငယ်များတတ်နိုင်သော ဈေးနှုန်းများဖြင့် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ယခုလို စွမ်းဆောင်ရည်မြင့်မားပြီး လက်လှမ်းမီနိုင်သော ဈေးနှုန်းဖြင့် ထုတ်လုပ်နေပြီး smartphone လောက၏ ပြင်းထန်သော ယှဉ်ပြိုင်မှုတွင် နောက်ကျမကျန်ခဲ့သည့် ဖုန်းမှာ ရှားပါးလှသည်။ Flagship store ကို Honor ၏ ထိပ်တန်း ကုန်ပစ္စည်း ၄ ခုဖြင့် ဖွင့်လှစ်သွားမည် ဖြစ်သည်။

1. **Honor 7X** – Honor ၏ ပထမဆုံး FullView Display ပါဝင်သည့် smartphone ဖြစ်ပြီး ရုပ်ထွက်လှပညက်ညောမှုကို လိုအပ်သော gamer များအတွက် အသင့်တော်ဆုံးဖြစ်သည်။
2. **Honor V9 Play** - ရိုးရှင်းသော ဥရောပစတိုင်ဖြင့် ပြုလုပ်ထားသည့် smartphone ဖြစ်ပြီး ဒီဇိုင်းသေသပ်လှပသကဲ့သို့ ချောမွေ့သော user experience ပေးအပ်နိုင်သည်။
3. **Honor 6X -** ဈေးနှုန်းချိုသာစွာဖြင့် အသုံးပြုလိုသူများအတွက် အသင့်တော်ဆုံး smartphone ဖြစ်သည်။
4. **Honor Holly 6** - ဈေးနှုန်းချိုသာမှု အပြည့်ရှိသော စွမ်းဆောင်ရည်မြင့် smartphone ဖြစ်ပြီး လက်လှမ်းမီ ရွေးချယ်နိုင်သော အကောင်းဆုံး smartphone ဖြစ်သည်။

"ဒီ ဖုန်း ၄ လုံးက Honor ရဲ့ ထုတ်ကုန်တွေ အားလုံးလိုပဲ အချက် ၃ ချက်မှာ ဦးဆောင်နေတယ်။ ပထမအချက်က ဒီဖုန်း ၄ လုံးမှာ နည်းပညာ feature အသစ်တွေ ပါဝင်တယ်၊ ဒုတိယအချက်က ဒီဇိုင်းပိုင်းမှာလည်း ဆန်းသစ်ထားတယ်၊ ပြီးတော့ အရေးအကြီးဆုံး အချက်ကတော့ မျိုးဆက်သစ် ဒစ်ဂျစ်တယ် လူငယ်တွေအတွက် အဆင်သင့် ဖြစ်အောင် ထုတ်လုပ်ထားခြင်း ဖြစ်ပါတယ်။" ဟု

George Zhao မှ ပြောကြားခဲ့သည်။ "မြန်မာနိုင်ငံအတွက် အကောင်းဆုံး Honor ထုတ်ကုန်တွေကို ယူဆောင်လာဖို့ မျှော်လင့်ထားပါတယ်။"

ဆိုင်ဖွင့်ပွဲ အထိမ်းအမှတ်အနေနဲ့ Honor Myanmar flagship store ကို လာရောက်လေ့လာသူများအတွက် ဆုမဲပေါင်းများစွာကို စီစဉ်ထားပါတယ်။ ဆိုင်ဖွင့်ပွဲနေ့ ဇန်နဝါရီလ ၂၈ ရက်မှာ ပထမဆုံး လာရောက်လေ့လာသူ ၅၀ အနေနဲ့ Honor နားကြပ်များကို လက်ဆောင်ရရှိသွားမှာ ဖြစ်ပါတယ်။ ထိုနေ့တွင် လာရောက်လေ့လာသူအားလုံးသည် မိုဘိုင်းဖုန် ၈ လုံး၊ smart wristband အခု ၂၀နှင့် အခြား Honor မှ ထုတ်ကုန်များစွာကို ရယူနိုင်မည့် ကံစမ်းမဲ အစီအစဉ်လည်းရှိသည်။ ဖွင့်ပွဲနေ့တွင် Honor မိုဘိုင်းဖုန်းကို ဝယ်ယူအားပေးသူများအနေဖြင့်လည်း အထူးစီစဉ်ထားသည့် လက်ဆောင်များကိုရရှိမည် ဖြစ်ပြီး ၁၀၀၀၀ ကျပ်တန် gift voucher ကိုလည်း ရရှိမည် ဖြစ်သည်။

Honor flagship store ဆိုင်ကို အမှတ် ၁၃၉၊ လလာလမ်း အလယ်ဘလောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားပြီး ထူးခြားသော gadget များကို လာရောက်လေ့လာရန် ဖိတ်ခေါ်အပ်ပါသည်။

**Honor အကြောင်း**

Honor သည် smartphone e-brand တွင် ဦးဆောင်နေသူဖြစ်ပြီး Huawei Group ၏ လက်အောက်တွင်ရှိသည်။ ၎င်း၏ ဆောင်ပုဒ် "For the Brave" ဆိုသည့်အတိုင်း လူငယ်များ၎င်းတို့၏ စိတ်ကူးအိမ်မက်များကို ဖော်ဆောင်နိုင်စေရန် သာလွန်ကောင်းမွန်သော အတွေ့အကြုံများ၊ ဆောင်ရွက်မှုကို အားပေးအားမြှောက်ပြုကာ တီထွင်စမ်းသစ်မှုများကို ပေးစွမ်း နိုင်သည့် ထုတ်ကုန်ပစ္စည်းများကို အစဉ်တစိုက် တီထွင် ထုတ်လုပ်လျက်ရှိသည်။ ဤသို့ တီထွင်ထုတ်လုပ်ခြင်းအားဖြင့် Honor သည် အခြားသော အမှတ်တံဆိပ်များနှင့်မတူဘဲ အသုံးပြုသူများအတွက် နောက်ဆုံးပေါ် နည်းပညာများနှင့် တီထွင်မှုများကို အစဉ်အမြဲပေးစွမ်းနေသည်။

အခြားအချက်အလက်များသိရှိလိုပါက www.hihonor.com / www.hihonor.com/mm/index.html
https://www.facebook.com/honorglobal/
https://www.facebook.com/HonorMyanmar/
https://twitter.com/Honorglobal
https://www.instagram.com/honorglobal/
https://www.youtube.com/honorglobal

**မီဒီယာများဆက်သွယ်ရန်**

Burson-Marsteller Hong Kong

Miranda Xie
miranda.xie@bm.com
Eliza Cheung
eliza.cheung@bm.com